# ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး

# စတုတ္ထနေ့ အစီအစဉ်

# [ ၇-၁၀-၂၀၁၃] (တနင်္လာနေ့)

၁။ ပြည်သူ့လွှတ်တော် ခေတ္တဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးခိုင်မောင်ရည်၊ အလုံ မဲဆန္ဒနယ်၏ **ကောလင်းမြို့နယ်တွင် ရေလှောင်တာတမံ ဆည်စီမံကိန်းတစ်ခုခုကို ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးရဲထွန်း၊ သီပေါ မဲဆန္ဒနယ်၏ **လုပ်အားရတနာ ဖိနပ်ချုပ်ကုန်ထုတ် သမဝါယမအသင်းသားများ၏ ပြဿနာကို မျှတသော စစ်ဆေးမှု ပြုလုပ်ခဲ့ခြင်း၊ အသင်းပိုင်မြေနှင့်အဆောက်အဦကို လေလံပစ် ရောင်းချရငွေ** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဦးသန်းထွန်း၊ ဒီပဲယင်း မဲဆန္ဒနယ်၏ **လယ်ယာသုံးစက်ကိရိယာ များအား တောင်သူများသုံးစွဲနိုင်ရန် ဈေးနှုန်းများ လျှော့ချရေးနှင့် မြန်မာကျပ်ငွေ ဈေးနှုန်းဖြင့် တောင်သူများ နားလည်နိုင်သည့် ဝေါဟာရများဖြင့် ဖြေကြားပေးပါရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဦးအေးမောက်၊ မလှိုင် မဲဆန္ဒနယ်(ကိုယ်စား)ဦးဝင်းသန်း၊ သာပေါင်း မဲဆန္ဒနယ်၏ **အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းများ အတွက် ချေးငွေရယူခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(င) ဦးအောင်မြင့်၊ ဂန့်ဂေါမဲဆန္ဒနယ်၏ **ဂန့်ဂေါမြို့တွင် အလုပ်သမား မှတ်ပုံတင်ရုံးအား အမြန်ဆုံးဖွင့်လှစ်ပေးရန်**နှင့် စပ်လျဉ်းသည့် မေးခွန်း။

(စ) ဒေါက်တာဒေါ်အေးမြင့်၊ ရွှေတောင် မဲဆန္ဒနယ် **ရွှေတောင်မြို့နယ်ရှိ ကျေးရွာများတွင် သောက်သုံးရေ အခက်အခဲများ ကြုံတွေ့နေပါ သဖြင့် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဆ) ဦးတင်လှိုင်၊ ကလေး မဲဆန္ဒနယ်၏ **ကလေးမြို့နယ်ရှိ ကျေးရွာများ သောက်သုံးရေရရှိရေးနှင့် ဆိုလာမီးတပ်ဆင်ပေးရေး** တို့နှင့် စပ်လျဉ်း သည့် မေးခွန်း။

၆။ ဦးသိန်းညွန့်၊ သဃ်န်းကျွန်း မဲဆန္ဒနယ်က **"အီလက်ထရောနစ် ဆက်သွယ် ဆောင်ရွက်ရေး ဥပဒေ(နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥပဒေအမှတ် ၅/၂၀၀၄)ကို ပြင်ဆင်သည့် ဥပဒေကြမ်း"** ကို တင်သွင်းခြင်း။

၇။ **"အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ(နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥပဒေအမှတ်၅ /၂၀၀၄) ကို ပြင်ဆင်သည့် ဥပဒေကြမ်း"**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ က အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း။

၈။ ပြည်သူ့လွှတ်တော် ခေတ္တဥက္ကဋ္ဌက ဦးသိန်းညွန့်၊ သဃ်န်းကျွန်း မဲဆန္ဒနယ်မှ တင်သွင်း သည့် **"အီလက်ထရောနစ် ဆက်သွယ် ဆောင်ရွက်ရေး ဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၅/၂၀၀၄) ကို ပြင်ဆင်သည့် ဥပဒေကြမ်း"** ကို လွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဖြစ်ကြောင်း နှင့် ဥပဒေကြမ်းကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

၉။ ပြည်သူ့လွှတ်တော် ခေတ္တဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေး စတုတ္ထနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ပဉ္စမနေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။